# အိမ်မြှောင်လျှောင်အိမ် အခန်း ၃၀

တိုက်ပိတ်ထဲမှာ ရိုက်နှက်ထိုးကြိတ်ခံခဲ့ရပြီး သုံးပတ်ကြာတဲ့နေ့တနေ့မှာ တေဇရှိရာ တိုက်ဖြူဖြူအဆောင်ကို ထောင်မှူးကိုချစ်နိုင်ဟာ ထောင်ဝင်စာအထုပ်နှင့်အတူ ရောက်လာပါတယ်။ ဝမ်းနည်းနာကျင်ခြင်းတွေ တပြိုင်နက်တည်းခံစားရလို့ မျက်ရည်များ မထိမ်းနိုင်ပေ။ သေချာတာက မေမေ တေဇကိုပေးလိုက်တဲ့ စားစရာတွေဖြစ်ပါတယ်။ တကယ်ဆိုရင် တေဇရဲ့ ထောင်ဝင်စာထုပ်ကို ဘယ်သူမှ မခိုးမီ ထောင်မှူးကိုချစ်နိုင်က ရယူနိုင်ခဲ့လို့ တခုမှမလျှော့ဘဲရလာတယ်။

တခြားအဆောင်တွေဘက်မှာ လုပ်စရာရှိတယ်ဆိုတဲ့အကြောင်းပြချက်တွေနဲ့ ကိုချစ်နိုင်တေဇရဲ့အဆောင်က မြန်မြန်ထွက်လာတယ်။ ကိုချစ်နိုင်ပြန်ထွက်သွားတာကို တေဇ မရိပ်မိလိုက်ပါချေ။ ထောင်ဝင်စာကိုလက်ထဲမှာ ထွေးပွေ့ထားတယ်။ ထောင်ဝင်စာ အထုပ်ထဲမှာ တေဇချစ်တဲ့ မေမေစန္ဒာရှိတယ်မဟုတ်လား။ ငါးခြောက် ၅ကောင်၊ ဆပ်ပြာ ၂တုံး၊ လက်ဖက်သား ၂ထုပ်နှင့်အကြော်စုံ ၂ထုပ်၊ မြေပဲထုပ်များစွာ။ ဒါပေမဲ့ မြေပဲတလုံးတောင် တေဇစားဖို့ မစဉ်းစားရဲပါ။ ပါးစပ်က နာနေသေးတော့ အမာဆိုရင်မဝါးနိုင်သေးပါ။

အထဲမှာပါတဲ့ပစ္စည်းတွေကို တခုခြင်းထုတ်ပြီး တေဇသေချာကြည့်နေတယ်။ တေဇမေမေဟာ ပိတ်စသေးသေးတွေနဲ့ စောင်ဖြစ်အောင်ချုပ်တတ်တယ်။ လက်ကိုင်ပုဝါဖြူဖြူလေးကိုတွေ့ရတယ်။ အဲဒီလက်ကိုင်ပုဝါဖြူဖြူလေးဟာ တေဇအင်္ဂလိပ်စာတော်လို့ ဘွားဘွားက ဆုပေးထားတာဖြစ်တယ်။ တေဇ အရွယ်ငယ်ငယ်ကတည်းက အဘွားဆုံးသွားပေမဲ့ ဖေဖေဟာ သိမ်းထားတဲ့ဘွားဘွားလက်ကိုင်ပုဝါကို ဘွားဘွားကိုယ်စား တေဇကိုပေးခဲ့တာ။

အကျဉ်းဆောင်အပြင်ဖက်မှာတော့ ထောင်ဝင်စာထုပ်ဟာ ဘာမှတန်ဖိုးမရှိပေမဲ့ တေဇတို့ နိုင်ငံရေးအကျဉ်းသားများအတွက် သိပ်အလိုချင်ဆုံးပစ္စည်းဘဲဖြစ်ပါတယ်။ ထောင်ဝင်စာအထုပ်ထဲက ပစ္စည်းတွေကို တခုခြင်းကြမ်းပြင်ပေါ်မှာ စီထားရင်း အတွေးတွေ တေဇခေါင်းထဲရောက်လာတယ်။ ငါ့ရဲ့ပျောက်ဆုံးနေတဲ့ပစ္စည်းတွေဟာ နောက်ဆုံးတော့ ငါ့ဆီပြန်ရောက်လာတယ်။ ဒါပေမဲ့ငါလိုချင်တဲ့ ပြန်ရောက်လာခြင်းနည်းလမ်းနှင့်တော့ မဟုတ်ဘူး။ ဒါပေမဲ့ ဖေဖေပေးထားတဲ့ လက်ကိုင်ပုဝါဖြူဖြူလေးဟာ ဖေ့ဖေ့ကိုယ်စားဘဲဖြစ်တယ်။ အခုလက်ကိုင်ပုဝါလေးကို ဖေဖေ့ကိုယ်စား စကားတွေပြောလို့ရပြီ။ ဒီလက်ဆောင်လေးကို မြတ်မြတ်နိုးနိုးလက်ခံတယ်။ လက်ကိုင်ပုဝါနှင့်အတူ ဖေဖေ့အချစ်တွေ တေဇရင်ထဲ စီးဆင်းသွားတယ်။ တိတ်ဆိတ်နေတဲ့ သီချင်းသံကို တေဇရင်ထဲမှာ ကြားရတယ်။

တစ်နာရီလောက်ကြာတော့ တေဇကို ထမင်းလာပို့မဲ့လူ တေဇရှိတဲ့နေရာအ

ဆောင်ကို ရောက်လာတယ်။ ကောင်လေးဟာ ဒီတခါလည်း FREE EL SALVA-
DOR စာသားပါတဲ့ တီရှပ်လေးကိုဝတ်ထားတယ်။ သေးသွယ်တဲ့ခန္ဓာကိုယ်ရှိတဲ့
ကောင်လေးဟာ တေဇဆီကို မကြာခဏလာတတ်တယ်။ တေဇ စဉ်းစားမိတယ်။ တေဇဟာ
သူ့ရဲ့ယောင်နေတဲ့ ပါးတခြမ်း၊ ညိုမဲနေတဲ့ မျက်လုံးတဖက်၊ အပွန်းအပဲ့တွေနှင့် ပြည့်နှက်နေ
တဲ့မျက်နှာဟာ ကောင်လေးကို ကြောက်စရာအဖြစ် ထင်သွားစရာဖြစ်သွားမှာပဲ။

တစ်ပါတ်ကို သုံးလေးရက်လောက် ထောင်မှူးကိုချစ်နိုင်ဘဲဖြစ်ဖြစ် အခြားဝါရင့်
ထောင်မှူးတွေဘဲဖြစ်ဖြစ် တေဇအဆောင်ဘက် လာတတ်တယ်။ လာတိုင်းလည်း ကောင်
လေးပါလာတတ်ပြီး တေဇရဲ့ သေးအိုး၊ ချေးအိုးသွန်ပေးတယ်။ ထောင်မှူးတွေမပါတဲ့အခါ
လည်း ကောင်လေးတေဇရှိရာ လာတတ်တယ်။ ကောင်လေးရဲ့ လူကြီးကို ရိုသေတတ်တဲ့
အပြုအမူလေးကို တေဇသဘောကျတယ်။ ဒါပေမဲ့ တေဇရိပ်မိတာ တခုရှိတယ်။ စားစရာ
လာပို့တဲ့ကောင်လေးဟာ တေဇလက်ထဲကို မပေးခင် တနေရာရာမှာ နည်းနည်းတော့ ခိုး
စားထားတယ်ဆိုတာပဲ။ ဒါပေမဲ့ကောင်လေးဟာ ဘယ်တော့မှအများကြီး ခိုးမစားပါ။ အခု
ရောက်လာတဲ့ကောင်လေးကို တေဇလက်ဟန်နှင့် ထမင်းစားလို့ပြလိုက်တယ်။ FREE
EL SALVADOR ကောင်လေးဟာ တေဇ မစားချင်တဲ့လက္ခဏာပြလိုက်တာနှင့်
သေသေချာချာ ဆောင့်ကြောင့်ထိုင်လိုက်တယ်။ ပြီးတော့ အားရပါးရ စားတော့တယ်။
နေမကောင်းတဲ့ အကျဉ်းသားကို ဆန်ပြုတ်အပြင် တခါတရံမှာ ငါးခြောက်လည်းပေးတတ်
တယ်။ ကောင်လေးဟာ ငါးခြောက်ကို ဘယ်တော့မှမစားပဲ တေဇအတွက်ချန်ထားပေးခဲ့
တယ်။ အကျဉ်းသားက မစားချင်လို့ မစားဘူးပြောပေမဲ့ တနေ့ကို ၂ခါကျွေးတဲ့ထမင်း
ကြောင့် အခြားအချိန်တွေဟာ ဗိုက်ဆာရင်စားစရာမရှိဘူး မဟုတ်ပါလား။ ဒါကြောင့် တေ
ဇဆာတဲ့အချိန် အဆာပြေစားရအောင် ငါးခြောက်ကို တေဇအတွက် ချန်ထားပေးတယ်။

တေဇ ပေးစားတဲ့အစာတွေစားပေမဲ့ တေဇအတွက်တော့ ကောင်လေးဟာ ဦး
စားပေး အလေးထားတတ်တယ်။ ကောင်လေး ဆန်ပြုတ်ကို အားရပါးရ သောက်နေတဲ့အ
ခါမျိုးမှာ တေဇဟာကောင်လေးရဲ့မျက်နှာလေးကို ငေးကြည့်မိသလို ခြေ၊ လက်တွေမှာ ခြင်
ကိုက်ဒဏ်ရာတွေကိုလည်း တွေ့မြင်ရပါတယ်။ ကောင်လေးမှာလည်း အမာရွတ်တွေရှိ
တယ်။ ဘယ်တုန်းက ဘယ်သူက ကုတ်ထား၊ ခြစ်ထားခဲ့သလဲမသိတဲ့ ဒဏ်ရာအမာရွတ်
တွေဖြစ်တယ်။

တေဇ စဉ်းစားကြည့်တယ်။ ဒီကောင်လေး ဘာကြောင့် ဒီလိုထောင်ကြီးထဲမှာ
အလုပ်လုပ်နေတာလည်း။ ထောင်မှူးကိုချစ်နိုင်ကိုလည်း ကောင်လေးအကြောင်း မမေး
မိဘူး။ တေဇမှာ သူ့အတွက်သူ စိုးရိမ်စရာအပြည့်ရှိနေလို့ ကောင်လေးအကြောင်း ကိုချစ်
နိုင်ကိုမေးဖို့လည်း သတိမရခဲ့ပါ။ ကောင်လေးဟာ တခါမှ တေဇကို စကားမပြောဘူး။

မှတ်ချက်။ ။ (၁၉၇၅ခုနှစ်ခန့်က ဘာသာပြန်သူ နိုင်ငံရေးအကျဉ်းကျစဉ်

အဆောင် ၃ရဲ့ ခြံဝင်းထဲမြက်ပင်တွေ၊ ပေါင်းပင်တွေလာရှင်းတဲ့ ထောင်ကျတွေနဲ့တွေ့လို့ စကားသွားပြောတာကို စကားလာမပြောဖို့ တောင်းပန်တယ်။ အကိုတို့ဟာ ဘယ်တော့ လွတ်မလဲမသိဘူး။ အထဲမှာရှိတာလည်း ဘယ်သူမှမသိဘူး။ ကျနော်တို့ပြန်ပြောလို့ အပြင်လူတွေသိသွားရင် ကျနော်တို့အပြစ်ဒဏ်ကြီးကြီးပေးခံမယ်။ နောက်စကားလာပြောဖို့ မကြိုးစားပါနဲ့ခင်ဗျာ။ ဆိုပြီးပြောခဲ့ဘူးတာ မှတ်မိပါတယ်။ ထောင်ဝင်းထဲမှာ ထောင်ဝန်ထမ်းကလွဲလို့ နိုင်ငံရေးအကျဉ်းသမားတွေကို တခြားလူတွေ စကားမပြောရပါ။

ကောင်လေး ဆန်ပြုတ်စားနေတာကိုကြည့်ရင်း တေဇဟာသူ့ညီအောင်မင်းကို သတိရမိတယ်။ ကိုချစ်နိုင်ပြောတာတော့ ဒီကောင်လေးဟာ ဘာပြဿနာမမှာ မရှိဘူး။ စကားပြောလို့ရပါတယ်။ ကောင်လေးဟာ တိတ်ဆိတ်စွာ ထမင်းပန်းကန်များသိမ်းပြီး တေဇအခန်းထဲကထွက်သွားပါတယ်။ တစ်ခါတလေ တေဇထမင်းပေးစားတဲ့အခါ ကောင်လေးဟာ ငြင်းပယ်တဲ့အပြုအမူနှင့် ထမင်းပန်းကန်ပြန်ထည့်ပေးတတ်ပါတယ်။ တကယ်ထမင်းစားချင်ပေမဲ့ အမြဲတမ်းတော့ အခွင့်အရေးမယူချင်တဲ့ပုံစံဖြစ်တယ်။ တေဇဟာ ဒီFREE EL SALVADORကောင်လေးကို လွတ်လွတ်လပ်လပ်သွားစေချင်တဲ့ဆန္ဒပြင်းပြစွာ ခံစားမိတယ်။ တေဇကောင်လေး စကားပြောလာအောင် ဟန်ပန်မျိုးစုံလုပ်ပြလည်း ကောင်လေး စကားမပြောပါ။ အကြံဉာဏ်ထုတ်လိုက်တယ်။ ဒီတခါကောင်လေး တေဇကို ထမင်းပန်းကန်လာပေးတာကို တေဇကငြင်းဆိုတဲ့သဘောမျိုးနှင့် သံတိုင်အပြင်ကို ပြန်ထုတ်ပေးလိုက်တယ်။ ကောင်လေးဟာ တေဇကိုပြန်စိုက်ကြည့်တယ်။ တေဇဟာ ကောင်လေးနားလည်အောင် လက်ဟန်နှင့်အိမ်သာသုံးစက္ကူလိုချင်တယ်လို့ ပြလိုက်တယ်။ ကောင်လေး နည်းနည်းဒေါကန်တဲပုံစံနှင့် အံကြိတ်လိုက်တယ်။ ထောင်ထဲမှာ ဘယ်လိုလုပ်ပြီး ချေးကုန်းစက္ကူရှိမှာလည်း၊ အဲဒီလူ ရူးနေတယ်ဆိုတဲ့ အကြည့်ဖြစ်တယ်။ ကောင်လေးမျက်နှာ အေးတိအေးစက်ဖြစ်သွားတာ တေဇမြင်လိုက်တယ်။ ကောင်လေးဟာ တေဇအတွက် သတင်းစာစက္ကူယူလာပေးမှာ မဟုတ်လား။

ကောင်လေးတေဇကိုကျော်ပြီး အထဲကိုကြည့်လိုက်တယ်။ တေဇရဲ့ သေးအိုးကိုယူပြီး ထွက်သွားတယ်။ တေဇကို တစ်ခါတလေ ကြောက်ရွံ့တဲ့မျက်နှာနှင့် ကြည့်တတ်တယ်။ ဒါပေမဲ့ ကြောက်တဲ့မျက်နှာရှိပေမဲ့  ကောင်လေးမျက်လုံးတွေဟာ တောက်ပတယ်။ စူးစမ်းချင်တဲ့အရာတွေပြတယ်။ ဘာဘဲဖြစ်ဖြစ် ကောင်လေးမျက်နှာက စကားပြောသံကို တေဇနားလည်တယ်။ ကျနော့်ကို နည်းနည်းကျွေးပါလားဆိုတဲ့ စကားကို ကောင်လေးမျက်နှာမှာ ပေါ်နေတယ်။ သနားစရာ သိပ်ကောင်းတယ်။

တေဇဆီက ငါးခြောက်တွေကို မျက်စိနှောက်နေပေမဲ့ တောင်းမစားဘူး။ တေဇမျက်တောင်ခတ်လိုက်တယ်။ အခုလောလောဆယ်ဆယ်အချိန်ထိ စကားပြောဖို့ပါးစပ်မလှုပ်ရှားနိုင်သေးဘူး။ တေဇနောက်ကိုလှည့်လိုက်ရင်း ငါးခြောက်တစ်ကောင်ကို ကိုင်လိုက်

တော့ ကောင်လေးနောက်ကို ခြေလှမ်းဆုတ်သွားတယ်။ ကောင်လေးရပ်နေတယ်။ မျက်နှာကစိတ်ဆိုးနေတဲ့သဘောပြတယ်။ တေဇ လည်ချောင်းကိုညှစ်ပြီး အသံထွက်အောင် လုပ်လိုက်ပြီး ကောင်လေးကို ခေါ်ဖို့ကြိုးစားတယ်။ ကောင်လေးဟာ နောက်လှည့်ပြီး ထွက်သွားတယ်။

ကောင်လေးရဲ့နောက်ကျောကို တေဇငေးကြည့်နေရင်း အခန်းထဲမှာကျန်ခဲ့တယ်။

ဆက်လက်ဖော်ပြသွားပါမည်။

ဘာသာပြန်သူ – မောင်မောင်လတ်